**စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးလေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေညာခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ (“ကုမ္ပဏီ”) နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ (“ကုမ္ပဏီအုပ်စု”) ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (“၂၀၂၁ ဘဏ္ဍာရေးနှစ်”) အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်း များအား ပူးတွဲ ထုတ်ပြန် ကြေညာအပ်ပါသည်။ ဆွေးနွေးချက် နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘဏ္ဍာရေးအစီရင်ခံစာများပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို YSX website နှင့် https://fmi.com.mm/investors/annual-reports/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**KEY HIGHLIGHTS**

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY 2021** | FY 2020 *(Restated)** | % Change |
|---|---|---|---|
| Revenue | **308,465,153** | 339,952,008 | (9.3%) |
| Cost of revenue | **(159,476,271)** | (193,916,891) | 17.8% |
| Gross profit | **148,988,882** | 146,035,117 | 2.0% |
| *Gross Profit margin* | ***48.3%*** | *43.0%* | |
| Administrative expenses | **(141,495,411)** | (123,837,967) | (14.3%) |
| Finance expenses | **(3,448,972)** | (7,272,908) | 52.6% |
| Other (losses)/gains, net | **(144,160)** | 7,044,203 | (102.0%) |
| Share in profit/(losses) of associates and joint ventures, net of tax | **10,297,097** | (4,924,437) | 309.1% |
| Profit before income tax | **14,197,436** | 17,044,008 | (16.7%) |
| Income tax expense | **(2,549,217)** | (6,358,651) | 59.9% |
| **Profit for the year** | **11,648,219** | 10,685,357 | 9.0% |
| Fair value (losses)/gains of available-for-sale investments | **(4,468,034)** | 5,737,520 | (177.9%) |
| Share of other comprehensive (losses)/ income of associates | **(9,722,972)** | 5,375,946 | (280.9%) |
| **Other comprehensive (losses)/income for the year, net of tax** | **(14,191,006)** | 11,113,466 | (227.7%) |
| **Total comprehensive (losses)/income for the year** | **(2,542,787)** | 21,798,823 | (111.7%) |
| **Profit (Loss) attributable to:**[1] | | | |
| Owners of the Company | **9,465,698** | (3,428,747) | |
| Non-controlling interests | **2,182,521** | 14,114,104 | |
| | **11,648,219** | 10,685,357 | |
| **Earnings (Loss) per share** | | | |
| Basic (MMK) | **291** | (126) | 331.0% |
| Diluted (MMK) | **232** | (88) | 363.6% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

*The comparative information has been restated as a result of prior period error.

FMI

PART OF THE YOMA GROUP

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဇူလိုင်လ နှင့် ဩဂုတ်လများတွင် Covid-19 တတိယလှိုင်း၏ ရိုက်ခတ်မှုကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး အိမ်ထောင်စုပေါင်းများစွာအပေါ် သက်ရောက်မှုများရှိခဲ့သည့်အပြင် နိုင်ငံအတွင်း ပြောင်းလဲမှုများစွာကြောင့် ထိခိုက်မှုများလည်းရှိခဲ့ပါသည်။ သို့သော် လုပ်ငန်းစု၏ စီးပွားရေးလုပ်ငန်းများထဲမှ အထူးသဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ("ရိုးမဘဏ်")၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ("ပန်းလှိုင်ဆေးရုံ") နှင့် အိမ်ရာဖော်ထုတ်ရေးလုပ်ငန်းတို့မှာ ပုံမှန်လည်ပတ်နိုင်ခဲ့ပါသည်။ ၂၀၂၁ဘဏ္ဍာရေးနှစ် အတွက် ကုမ္ပဏီအုပ်စု၏ စုစုပေါင်း ဝင်ငွေမှာ ကျပ် ၃၀၈.၅ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေ ကျပ် ၃၄၀.၀ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၉.၃% ကျဆင်းခဲ့ပါသည်။ ထိုသို့လုပ်ငန်းစု၏ ဝင်ငွေကျဆင်းရသည့် အဓိကအကြောင်း အရင်းမှာ ပြည်တွင်းနိုင်ငံရေးအခြေအနေများ နှင့် Covid-19 တတိယလှိုင်း၏ ရိုက်ခက်မှုများကြောင့်ဖြစ်ပြီး၊ ယခုနှစ်အတွက် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှ ဝင်ငွေရရှိမှုလျော့ကျခဲ့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှ ရရှိသော ဝင်ငွေမှာ ပိုမိုတိုးတက်လာသောကြောင့် စုစုပေါင်းဝင်ငွေကျဆင်းမှုမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် သက်သာစေခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်း စိတ်ဖြာနိုင်ပါသည် -

| (MMK'000) | **FY 2021** | FY 2020 | % Change |
|---|---|---|---|
| Financial services | **266,905,261** | 307,420,678 | (13.2%) |
| Healthcare services | **41,387,909** | 32,348,630 | 27.9% |
| Rental income | **52,762** | 54,000 | (2.3%) |
| Dividend income | **119,221** | 128,700 | (7.4%) |
| **Total** | **308,465,153** | 339,952,008 | **(9.3%)** |

ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍမှ ရရှိသော ဝင်ငွေသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၀၇.၄ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၆၆.၉ ဘီလီယံသာ ရရှိခဲ့သဖြင့် ၁၃.၂% ကျဆင်းခဲ့ပါသည်။ ထိုသို့ ဝင်ငွေကျဆင်းရသည့် အဓိကအကြောင်းအရင်းမှာ ယခုနှစ်အတွင်း ဘဏ်မှ ချေးငွေထုတ်ပေးသည့် ပမာဏလျော့ကျခဲ့သည့်အတွက် ချေးငွေမှရရှိသည့် အတိုးဝင်ငွေလျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မှ ဝင်ငွေသည် ၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် ကျပ် ၃၂.၃ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၁.၄ ဘီလီယံ ရရှိခဲ့သဖြင့် ၂၇.၉% တိုးတက်ခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးလာရသည့် အဓိက အကြောင်း အရင်းမှာ Covid-19 ရောဂါနှင့်သက်ဆိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုများဖြစ်သော ကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါပိုးရှာဖွေ စစ်ဆေးခြင်း နှင့် ဆေးကုသမှုပေးခြင်း တို့အပြင် ဆေးရုံ၏ပြင်ပဝန်ဆောင်မှုဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ မှရရှိသည့် ဝင်ငွေ မြင့်တက်လာရခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၁ဘဏ္ဍာရေးနှစ်အတွက် အကြွမ်းအမြတ်သည် ကျပ် ၁၄၉.၀ ဘီလီယံ ရှိရာ ၂၀၂၀ဘဏ္ဍာရေးနှစ်၏ အကြွမ်းအမြတ် ကျပ် ၁၄၆.၀ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ၂% တိုးတက်ခဲ့ပါသည်။ ဤကဲ့သို့ အကြွမ်းအမြတ် တိုးတက်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်သော ရိုးမဘဏ်ရှိ customer များ၏ အပ်ငွေအပေါ်တွင်ပေးရသော အတိုးကုန်ကျစရိတ် ကျဆင်းခြင်း နှင့် သက်တမ်းမပြည့်သေးသော အပ်နှံငွေစာရင်းများမှ ငွေထုတ်ယူမှု မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များမှ ဝန်ဆောင်ခကို ဆက်လက်လျှော့ချပေးခြင်း နှင့် ပြည်ပမှ လာရောက်၍ဝန်ဆောင်မှုပေးသော ဆရာဝန်များအတွက် ပေးချေရသော ဝန်ဆောင်ခများကို လျှော့ချနိုင်ခြင်း တို့အပြင်၊ Covid-19 ကာကွယ်ရေး နှင့် ဆက်စပ်ဝန်ဆောင်မှုများမှ ရရှိသောဝင်ငွေမှာ ယခုနှစ် အတွင်း သိသိသာသာတိုးမြင့်လာရခြင်းတို့ကြောင့် ကုမ္ပဏီ၏အကြွမ်းအမြတ်များ တိုးလာရခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်သည် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂၃.၈ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၄၁.၅ ဘီလီယံသို့ တိုးမြင့်ခဲ့ပါသည်။ ဤသို့ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်များ တိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းများမှာ ကုမ္ပဏီ၏ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်သော ရိုးမဘဏ် အနေနှင့် ပတ်ဝန်းကျင်တွင် ဖြစ်ပွားနေသော Covid-19 ကပ်ရောဂါ နှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ခဲ့သည့် နိုင်ငံအတွင်း စိန်ခေါ်မှုများကြောင့် ဘဏ်၏လုပ်ငန်းလည်ပတ်မှုကို ရေတိုကာလတွင်သက်ရောက်မှု ရှိနိုင်သည် ဟုခန့်မှန်းတွက်ချက်၍ ဘဏ်မှထုတ်ချေးငွေများ

အပေါ်တွင် ဆုံးရှုံးနိုင်ခြေအား ပိုမို၍ကြိုတင်လျာထား ရခြင်းကြောင့် ဖြစ်ပါသည်။ ဤအစီရင်ခံကာလအတွင်း ကျွမ်းကျင်ပညာရှင်များအတွက်ပေးရသော အခကြေးငွေများ အပါအဝင် ဝန်ထမ်းများ၏ လစာငွေလျှော့ချခြင်း၊ ဝန်ထမ်းများ၏ အပိုဆုကြေးငွေပေးရန်လျာထားချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ မီဒီယာအသုံးစရိတ်များ လျှော့ချခြင်း နှင့် ခရီးသွားလာစရိတ်များ လျှော့ချခြင်း အစရှိသော ကုန်ကျစရိတ် ထိန်းချုပ်ရေး အစီအမံများတို့ကြောင့် အထွေထွေစီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်များ ကျဆင်းခဲ့သည့်အတွက် စုစုပေါင်း ကုန်ကျစရိတ်အား တစ်စိတ်တစ်ပိုင်းအားဖြင့် သက်သာစေခဲ့ပါသည်။

ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇.၃ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃.၄ ဘီလီယံသာရှိသောကြောင့် ၅၂.၆% ကျဆင်းခဲ့ပါသည်။ ထိုသို့အသုံးစရိတ်များကျဆင်းရသည့် အဓိကအကြောင်းအရင်း မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များတွင် ကုမ္ပဏီ နှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ အချို့သော ချေးငွေများကို ပြန်လည် ပေးဆပ်ခဲ့သောကြောင့် ထိုချေးငွေများအပေါ်တွင်ပေးချေရသည့် အတိုးပေးရငွေ နှင့်သက်ဆိုင်သည့် ကုန်ကျစရိတ်များ ကျဆင်းသွားခြင်း၊ ကုမ္ပဏီအုပ်စု၏ ကျပ်ငွေဖြင့် ရယူထားသော ချေးငွေများ အပေါ်တွင်လည်း ဘဏ်အတိုးနှုန်းများ လျော့ကျခြင်းတို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များ ကျဆင်းသွားခဲ့ရခြင်း ဖြစ်ပါသည်။

အခြားသော ဆုံးရှုံးမှုများ နှင့် အကျိုးအမြတ်များရရှိမှုကို တင်ပြရလျှင် ကုမ္ပဏီအုပ်စုသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်ရရှိခဲ့သော အခြားအမြတ်ငွေ ကျပ် ၇.၀ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အခြားဆုံးရှုံးမှု ကျပ် ၀.၁ ဘီလီယံ ဖြစ်ခဲ့ပါသည်။ ထိုသို့ ဆုံးရှုံးရခြင်း၏ အဓိကအကြောင်းအရင်းမှာ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စုမှ ပိုင်ဆိုင်သော Wave Money ကုမ္ပဏီ၏ အစုရှယ်ယာ ၁၀% ကို ရောင်းချခဲ့ခြင်းကြောင့် ရရှိခဲ့သည့် တစ်ကြိမ်တည်းသော အမြတ်ငွေမရရှိတော့ခြင်း နှင့် နိုင်ငံခြားငွေလဲလှယ်မှုကြောင့် ဖြစ်ပေါ် လာသောဆုံးရှုံးမှုများကို စာရင်းသင့်ကျခံရခြင်း (foreign exchange losses) ကြောင့်ဖြစ်ပါသည်။ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးပြန်လည်သတ်မှတ်ရာမှ အမြတ်ငွေကျပ် ၁၁၃.၉ သန်းရရှိခဲ့ပါသည်။ အသေးစိတ် အချက်အလက်များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| (MMK'000) | **FY 2021** | FY 2020 |
|---|---|---|
| Gain on disposal of investment property | **156,771** | - |
| Gain on disposal of available-for-sale investments | - | 5,855,162 |
| (Loss)/Gain on foreign currency exchange, net | **(324,635)** | 2,909,633 |
| Gain on disposal of property and equipment | **7,051** | 29,360 |
| Write-off of unclaimed dividends | - | 3,164 |
| Write-off of other non-current assets and prepayment | **(26,337)** | (101,730) |
| Gain/(Loss) on revaluation of investment properties | **113,880** | (1,014,556) |
| Write-off of receivables | **(18,611)** | - |
| Write-off of payables | **287** | - |
| Capital gains tax | - | (239,231) |
| Write-off of investment in associates | - | (187,363) |
| Write-off of property and equipment and intangible assets | **(52,566)** | (210,236) |
| **Total Other (Losses)/Gains** | **(144,160)** | 7,044,203 |

ကုမ္ပဏီအုပ်စုသည် ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများမှ ရရှိခဲ့သောအမြတ် အသေးစိတ်ကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ တင်ပြထားပါသည်။

| (MMK'000) | Stake | Group Share of Profit/(Loss)<br>FY 2021 | FY 2020<br>(*Restated*) |
|---|---|---|---|
| Chindwin Holdings Pte. Ltd. | 30.0% | **47,288** | (445,667) |
| Meeyahta International Hotel Limited | 20.0% | **135,744** | (464,948) |
| FMIDecaux Company Limited | 40.0% | **(751,834)** | 181,547 |
| CLW Development Limited | 25.0% | **(2,040,865)** | - |
| Thanlyin Estate Development Limited | 30.0% | **12,949,261** | (3,907,976) |
| FMI Garden Development Limited | 47.5% | **(41,497)** | (288,152) |
| Pun Hlaing Links Services Company Limited | 30.0% | **(94)** | 1,271 |
| Kawthaung Hill Investment Limited | 37.5% | **(463)** | - |
| LSC-FMI Company Limited | 50.0% | **(443)** | (512) |
| **Total Share of Profit/(Losses)** | | **10,297,097** | (4,924,437) |

အထက်ပါကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများမှ အရှုံးအမြတ်အား အချိုးကျခွဲဝေကျခံရာတွင် ၂၀၂၀ ဘဏ္ဍာရေး နှစ်အတွက် အရှုံးငွေ ကျပ် ၄.၉ ဘီလီယံရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ကျပ် ၁၀.၃ ဘီလီယံ ရရှိခဲ့ပါသည်။ ထိုသို့တိုးတက်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ Thanlyin Estate Development Limited လက်အောက်ရှိ Star City နှင့် City Loft တို့တွင် ရင်းနှီးမြှုပ်နှံထားသော အိမ်ရာစီမံကိန်းများ (Investment Properties) အား ဈေးကွက်တန်ဖိုး ပြန်လည်သတ်မှတ်ရာမှ ဖြစ်ပေါ်လာသော အမြတ်ငွေ ကျပ် ၁၂.၉ ဘီလီယံကြောင့် ဖြစ်ပါသည်။ FMIDecaux ထံမှ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ကျပ် ၁၈၁.၅ သန်း ရရှိခဲ့သော်လည်း ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇၅၁.၈ သန်းထိ အရှုံးပမာဏ မြင့်တက်ခဲ့ပါသည်။ ထိုသို့အရှုံးပမာဏ မြင့်တက်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ မြန်မာနိုင်ငံ၏ လက်ရှိတွင် ဖြစ်ပေါ်နေသော အခြေအနေများသည် FMIDecaux လုပ်ငန်းများအပေါ် များစွာသက်ရောက်မှုရှိကာ အထူးသဖြင့် ရန်ကုန်မြို့တွင်းရှိ ကြော်ငြာလုပ်ငန်းများအပေါ် ထိခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စု၏ အိမ်ရာ စီမံကိန်းအသစ်တစ်ခုဖြစ်သည့် City Loft West Project ၏ လုပ်ငန်းစတင်ဖွဲ့စည်းသည့် ကနဦးကုန်ကျစရိတ်များ၊ ဘဏ္ဍာရေးအသုံးစရိတ်များ နှင့် အစုရှယ်ယာရှင်များ ထံမှ နိုင်ငံခြားငွေဖြင့်ရယူထားသော ချေးငွေအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများကို စာရင်းသင့်ကျခံရခြင်းတို့ကြောင့် ဖြစ်ပေါ် ခဲ့အရှုံးငွေမှာ ကျပ် ၂.၀ ဘီလီယံ ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ရလဒ်အနေဖြင့် ကုမ္ပဏီအုပ်စု၏ အခွန်လျာထားပြီး စုစုပေါင်း အသားတင် အမြတ်ငွေ မှာ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်တွင် ကျပ် ၁၀.၇ ဘီလီယံ ရရှိခဲ့ရာ မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်တွင် ကျပ် ၁၁.၆ ဘီလီယံ တိုးမြင့်ရရှိခဲ့ပါသည်။

ကုမ္ပဏီအုပ်စုသည် ၎င်း၏ ကာလတို ရင်းနှီးမြှုပ်နှံမှု (Available-for-sale investments) များအား တန်ဖိုးများ ပြန်လည်သင့်ရာတွင် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅.၇ ဘီလီယံ အမြတ်ရရှိခဲ့ပြီး၊ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄.၅ ဘီလီယံ ဆုံးရှုံးခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ အဆိုပါရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးပြန်လည်သတ်မှတ်မှု အသေးစိတ်အား အောက်ပါအတိုင်း တင်ပြထားပါသည်။

| Investments (MMK'000) | Carrying Value Before Adjustment | Fair Value Adjustment | Carrying Value after Adjustment |
|---|---|---|---|
| MTSH | 2,380,961 | (321,752) | 2,059,209 |
| Memories Group | 1,602,560 | (177,219) | 1,425,341 |
| 5% shareholding in Wave Money by Yoma Bank Limited | 11,484,753 | (3,969,063) | 7,515,690 |
| **Total** | **15,468,274** | **(4,468,034)** | **11,000,240** |

အထက်ဖော်ပြပါ တန်ဖိုးပြန်လည်သင့်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် လုပ်ငန်းလည်ပတ်မှု နှင့်မသက်ဆိုင်သော အရှုံးများ မှာ ရိုးမဘဏ်မှပိုင်ဆိုင်သည့် Wave Money ၏ အစုရှယ်ယာ ၅% အား စျေးကွက်ပေါက်စျေးဖြင့် ပြန်လည်၍ တန်ဖိုးသင့်ခြင်းကြောင့် ရရှိလာသည့် အရှုံးအပြင် YSX နှင့် SGX တို့တွင် စာရင်းဝင်ထားသည့် Myanmar Thilawa SEZ Holdings Public Ltd ("MTSH") နှင့် Memories Group Limited ("Memories Group") တို့တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာတန်ဖိုးများ ကျဆင်းလာခြင်း တို့ကြောင့် ဖြစ်ပါသည်။

၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စုသည် တွဲဖက်ကုမ္ပဏီများထံမှ အချိုးကျရရှိသည့် လုပ်ငန်းလည်ပတ်မှုမှ မဟုတ်သော အခြားအရှုံးငွေ ကျပ် ၉.၇ ဘီလီယံ ရရှိခဲ့ပါသည်။ ထိုသို့ ဆုံးရှုံးရခြင်း၏ အဓိကအကြောင်းအရင်းများမှာ Meeyahta International Hotel Limited ၏စာရင်းအရ အစုရှယ်ယာရှင်များ၏ ချေးငွေ (quasi-equity loan) အတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်းဆိုင်ရာ စာရင်းသင့်ဆောင်ရွက်ချက်များကို ယခုနှစ် နှင့် ယခင်နှစ်များအတွက် ပြန်လည်ညှိနှိုင်း စာရင်းသွင်းမှုမှ ကျပ် ၆.၀ ဘီလီယံ အရှုံးငွေ ရရှိခဲ့ခြင်းဖြစ်ပြီး၊ Thanlyin Estate Development Limited ၏ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့် ရာတွင်လည်း ကျပ် ၃.၆ ဘီလီယံ အရှုံးငွေ ရရှိခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထိုရလဒ်အနေဖြင့် ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းလည်ပတ်မှုနှင့် မသက်ဆိုင်သော အခြားဝင်ငွေ (အရှုံး) များကို ထည့်သွင်းစဉ်းစားပြီး ရရှိသော စုစုပေါင်းအရှုံး မှာ ကျပ် ၂.၅ ဘီလီယံ ရရှိခဲ့သည့်အတွက် ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းအမြတ် ကျပ် ၂၁.၈ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၁၁၁.၇% ကျဆင်းခဲ့ပါသည်။

မမျှော်မှန်းနိုင်သော အခက်အခဲများ နှင့် ရင်ဆိုင်မှုများစွာကို ဖြတ်သန်းခဲ့ရသော်လည်း ကုမ္ပဏီအုပ်စုသည် ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အစုရှယ်ယာရှင်များ နှင့်သက်ဆိုင်သည့် အသားတင်အမြတ်ငွေကျပ် 9.5 ဘီလီယံရှိသည့် အတွက် ၂၀၂၀ဘဏ္ဍာရေးနှစ်၏ အရှုံးငွေ ကျပ် ၃.၄ ဘီလီယံ နှင့်နှိုင်းယှဉ်ပါက များစွာတိုးတက်ခဲ့သည့်အတွက် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည့် တစ်စုအပေါ်ရရှိသည့်အခြေခံဝင်ငွေ (Basic EPS) မှာ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အမြတ်အဖြစ် ၂၉၁ ကျပ် ရရှိသည့်အတွက် ၃၃၁.၀% ထိ မြင့်တက်ခဲ့ပြီး၊ ရှယ်ယာတစ်စုအတွက် လျော့ကျရရှိမည့် ဝင်ငွေ (Diluted EPS) မှာ အမြတ် ၂၃၂ ကျပ် ရရှိသည့်အတွက် ၃၆၃.၆% ထိ မြင့်တက်ခဲ့ပါသည်။ Diluted EPS အား နောင်တွင်ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ရက်တွင် ထုတ်ဝေပြီးအနေအထား တို့ဖြင့် ပျှမ်းမျှအခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုသည် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံများကို တင်းကျပ်သော နည်းစနစ်များ အသုံးပြု၍ ကုန်ကျစရိတ်များအပေါ် စီစစ်ဆောင်ရွက်မှုများကိုလည်း ဆက်လက်လုပ်ဆောင်လျှက်ရှိပါသည်။ ကုမ္ပဏီအုပ်စုသည် အနာဂတ်တွင်မျှော်မှန်း၍မရနိုင်သည့် အခြေအနေများအတွက် အရံဘဏ္ဍာငွေများထားရှိပြီး လုပ်ငန်းစုများဆက်လက် ရပ်တည်နိုင်စေရန် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလုပ်ဆောင်သွားရန် ပြင်ဆင်ထားပါသည်။ ကုမ္ပဏီအုပ်စု ၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်စာရင်းရှင်းတမ်း ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေ နှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2021** | As at 30-Sep-2020<br>*(Restated)* | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **2,554,816,555** | 3,059,673,392 | (16.5%) |
| Total non-current assets | **559,058,755** | 551,454,267 | 1.4% |
| Total assets | **3,113,875,310** | 3,611,127,659 | (13.8%) |
| **LIABILITIES** | | | |
| Total current liabilities | **2,603,203,827** | 3,101,233,435 | 16.1% |
| Total non-current liabilities | **8,305,211** | 5,168,789 | (60.7%) |
| Total liabilities | **2,611,509,038** | 3,106,402,224 | (15.9%) |
| **NET ASSETS** | **502,366,272** | 504,725,435 | (0.5%) |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **398,862,786** | 401,852,196 | |
| Non-controlling interest | **103,503,486** | 102,873,239 | |
| Total equity | **502,366,272** | 504,725,435 | (0.5%) |

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၃,၀၅၉.၇ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၂,၅၅၄.၈ ဘီလီယံအထိ ကျဆင်းခဲ့ပါသည်။ ထိုသို့ ကျဆင်းလာရသည့် အဓိကအကြောင်းရင်းမှာ ယခုနှစ်အတွက် စိန်ခေါ်မှုများ နှင့် ပြောင်းလဲမှုများစွာရှိခဲ့ခြင်းကြောင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များ (Treasury bills and Treasury bonds) အပေါ် ထပ်တိုးရင်းနှီးမြှုပ်နှံမှု လျှော့ချခဲ့ခြင်း နှင့် ဘဏ်မှထုတ်ချေးငွေပမာဏ ကျဆင်းလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၅၅၁.၅ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၅၅၉.၁ ဘီလီယံ သို့ အနည်းငယ် တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းရင်း မှာ ရိုးမဘဏ်အနေဖြင့် ယခင်က ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ထားသော အစိုးရငွေတိုက်စာချုပ်များ (Treasury bills and Treasury bonds) သက်တမ်း ရင့်လာခြင်း၊ ဘဏ် နှင့် ကုမ္ပဏီတို့၏ ငွေသားလက်ကျန်များ၊ ရရန်ရှိများ (Trade receivables) တိုးလာခြင်းတို့ကြောင့် အပြင် ဘဏ္ဍာရေးနှစ်၏ ပထမနှစ်ဝက်၌ Yoma Central စီမံကိန်းတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုများထည့်ဝင်ခြင်း တို့ကြောင့်ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင်ရှိသော ကျပ် ၃,၁၀၁.၂ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၂,၆၀၃.၂ ဘီလီယံ သို့ ကျဆင်းလာပါသည်။ ထိုသို့ ကျဆင်းလာရသည့် အဓိကအကြောင်းရင်းမှာ ရိုးမဘဏ်သို့ customer များ၏ အပ်နှံငွေများ ကျဆင်းလာခြင်း နှင့် ရိုးမဘဏ်၏ ပုံမှန် customer များမှ အပ်နှံငွေများကို သတ်မှတ်အချိန်မတိုင်မီ ငွေထုတ်ယူမှု ပိုမိုများလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ပေးရန်တာဝန်များမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်တွင် ကျပ် ၅.၂ ဘီလီယံ ရှိရာမှ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်တွင် ကျပ် ၈.၃ ဘီလီယံသို့ မြင့်တက်လာခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရသည့် အကြောင်းရင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှ ဘဏ်ချေးငွေရယူမှု အနည်းငယ်မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေမှာ ၀.၅% သို့ အနည်းငယ် ကျဆင်းခဲ့ပြီး၊ ထိုသို့ ကျဆင်းခဲ့ရသည့် အကြောင်းရင်းမှာ လုပ်ငန်းအုပ်စုများ၏ လုပ်ငန်းလည်ပတ်မှု နှင့်မဆိုင်သော အခြားဝင်ငွေ/(အရှုံး) နှင့်သက်ဆိုင်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်းကြောင့် ဆုံးရှုံးမှုများကို စာရင်းသင့်ကျခံရခြင်း တို့ကြောင့် ဖြစ်ပါသည်။

၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၅၁၁.၁ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်း အနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

**Summary of Group Cash Flow Statement**

| (MMK'000) | **FY 2021** | FY 2020 Restated* | % change |
|---|---|---|---|
| Net cash (used in) provided by operating activities | **(135,411,325)** | 263,017,670 | (151.5%) |
| Net cash provided by (used in) investing activities | **280,804,745** | (307,760,421) | 191.2% |
| Net cash (used in) provided by financing activities | **(640,147)** | 108,962,316 | (100.6%) |
| Net increase in cash and cash equivalents | **144,753,273** | 64,219,565 | 125.4% |
| Cash and cash equivalents at beginning of the year | **366,348,303** | 302,128,738 | 21.3% |
| Cash and cash equivalents at the end of the year | **511,101,576** | 366,348,303 | 39.5% |

ကုမ္ပဏီအုပ်စု၏ ငွေသားလက်ကျန်မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၃၆၆.၃ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၅၁၁.၁ ဘီလီယံအထိ ရှိခဲ့သည့်အတွက် ၃၉.၅% တိုးတက်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ ငွေစာရင်းရှင်းတမ်းတွင် ဖော်ပြထားသော ငွေသားလက်ကျန်အများစုမှာ ရိုးမဘဏ် မှ ငွေလက်ကျန်များ ဖြစ်ပါသည်။ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့အထိ ကုမ္ပဏီအုပ်စုသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကျပ် ၁၃၅.၄ ဘီလီယံ ကို သုံးစွဲခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်၏ customerများ မှ ငွေအပ်နှံမှုလျော့ကျလာခြင်းကြောင့်ဖြစ်ပါသည်။ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ် များမှ ရရှိခဲ့သော ကျပ် ၂၈၀.၈ ဘီလီယံမှာ အဓိကအားဖြင့် ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များ နှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်များမှရရှိခဲ့သော ကုမ္ပဏီအုပ်စု၏ အသားတင်ငွေသားမှာ ကျပ် ၀.၆ ဘီလီယံရှိပြီး အဓိကအားဖြင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် Ayala Corporation ထံမှ ရရှိခဲ့သော ကြိုတင် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေ မရရှိခြင်းကြောင့် ဖြစ်ပါသည်။

**အနာဂတ်မျှော်မှန်းချက်များ**

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဇူလိုင်လ နှင့် သြဂုတ်လအတွင်း ပြင်းထန်သော COVID-19 တတိယလှိုင်းဖြစ်ပွားပြီးနောက် သတင်းအချက်အလက်များအရ ရောဂါဖြစ်ပွားသူအရေအတွက်များမှာ ပြန်လည်၍ လျော့ကျသွားခဲ့သဖြင့် စီးပွားရေး လုပ်ငန်းများ ပုံမှန်ပြန်လည်၍ လည်ပတ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့အပြင် နိုင်ငံအတွင်း COVID-19 ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များ အရှိန်အဟုန်ဖြင့်တိုးမြှင့်လာသည် နှင့်အညီ COVID-19 ရောဂါ နှင့်ပတ်သက်၍ ကာကွယ်နေထိုင်ရမည့် နည်းလမ်းများကို သိရှိနေကြပြီဖြစ်သောကြောင့် လာမည့်အနာဂတ်တွင် COVID-19 ၏ အကျိုးသက်ရောက်မှုများ လျော့ပါးစေလိမ့်မည်ဟု မျှော်လင့်ပါသည်။

၂၀၂၁ခုနှစ်၊ သြဂုတ်လမှစ၍ ကုမ္ပဏီအုပ်စုသည် မိမိအစီအစဉ်ဖြင့် ဝန်ထမ်းများ နှင့် ၎င်းတို့၏မိသားစုဝင်များကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ပါသည်။ ထိုရလဒ်အနေဖြင့် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုများအားလုံး ပုံမှန်အနေအထားသို့ လည်ပတ်နိုင်ခဲ့ပြီး၊ ရုံးများကိုလည်း ကိုဗစ်ကာကွယ်ရေးလမ်းညွှန်ချက်များ နှင့်အညီ ပြန်လည်ဖွင့်လှစ် နိုင်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်သည် စိန်ခေါ်မှုများစွာရှိနေသော်လည်း ယခု တစ်နှစ်တာ အတွင်းတွင် ရလဒ်ကောင်းများရရှိခဲ့ပါသည်။ ထို့အပြင် ရိုးမဘဏ်သည် ရရှိသောအမြတ်အစွန်းများ ကို ထိန်းသိမ်းမြှင့်တင်ထားနိုင်ခြင်း၊ လုံလောက်သော မတည်ရင်းနှီးငွေအား ကြိုတင်လျာထားနိုင်ခြင်း၊ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို စနစ်တကျ စီမံထိန်းချုပ်ထားနိုင်ခြင်း နှင့် ပြောင်းလဲနေသော စျေးကွက်စီးပွားရေး အခြေအနေ အပေါ်တွင်လည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ရိုးမဘဏ်သည် ထုတ်ချေးငွေများအပေါ် ဆုံးရှုံးနိုင်ခြေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းများ နှင့်အညီ ကြိုတင်လျာထားခဲ့သည့်အပြင် ကာလတို လျှော့ပေါ့ပေးသည့် အစီအစဉ်များအတွက်လည်း လုံလောက်သည့်လျာထားမှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့အထိ ရိုးမဘဏ်၏ချေးငွေပံ့ပိုးနိုင်မှုပမာဏသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ သတ်မှတ်ထားသော ချေးငွေပံ့ပိုးနိုင်မှုပမာဏ အနိမ့်ဆုံးလိုအပ်ချက်ထက် အခြေခံအမှတ် ၉၀၀ ပိုမိုပါသည်။ ၂၀၂၁ ခုနှစ်၊ မေလတွင် Flexi-Cash အကောင့်အမျိုးအစားအသစ်ကို စတင် မိတ်ဆက်နိုင်ခဲ့ပြီး customerများထံမှလည်း ကောင်းမွန်သော ရလဒ်များကို လက်ခံရရှိခဲ့ပါသည်။ ရိုးမဘဏ်သည် customer များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မိုဘိုင်းလ် နှင့် အွန်လိုင်းဘဏ်စနစ် ဝန်ဆောင်မှု တိုးချဲ့ခြင်းများကိုလည်း အဆင့်မြှင့်တင်နိုင်ခဲ့သည်။

ရိုးမဘဏ်သည် အချိန်နှင့်အမျှ ပြောင်းလဲနေသော ပြည်တွင်း၊ ပြည်ပဆိုင်ရာ စီးပွားရေး အခြေအနေများ နှင့်အညီ COVID-19 ၏ အကျိုးသက်ရောက်မှုကို အနည်းဆုံးဖြစ်အောင် လုပ်ငန်းလည်ပတ်မှုများကိုလည်း စနစ်တကျ ဆောင်ရွက်နေလျက်ရှိပါသည်။ ရိုးမဘဏ်သည် လက်ရှိ အခြေအနေတွင် customerများ နှင့် လူနေမှုအသိုင်းအဝိုင်းများ ကို ပံ့ပိုးပေးနိုင်သော အခန်းကဏ္ဍများကို အလေးအနက်ထားဆောင်ရွက်နေပြီး၊ ရိုးမဘဏ်နှင့်သက်ဆိုင်သူအားလုံး နှင့် ဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် ဦးစားပေး ရပ်တည်ဆောင်ရွက်နေလျှက်ရှိပါသည်။

ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်သော ပန်းလှိုင်ဆေးရုံ (PHH) သည်လည်း ယခုနှစ်အတွင်း ကောင်းမွန်သော လုပ်ငန်းစွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ပါသည်။ COVID-19 အခြေအနေတွင် ကန့်သတ်ချက်များစွာ ရှိနေသော်လည်း ပန်းလှိုင်ဆေးရုံ (PHH) လှိုင်သာယာဆေးရုံကြီးသည် ၂၀၂၁ခုနှစ်၊ ဇူလိုင်လတွင် နောက်ထပ်အောင်မြင်မှု မှတ်တိုင်တစ်ခု အဖြစ် JCI ၏ အသိအမှတ်ပြုခြင်းကို ဒုတိယအကြိမ် ထပ်မံရရှိခဲ့ပါသည်။ COVID-19 ကုသမှုအပြင် PHH သည် COVID-19 ကာကွယ်ဆေးကို တရားဝင်တင်သွင်းသည့် ပထမဆုံးသော ပုဂ္ဂလိကဆေးရုံဖြစ်လာခဲ့ပါသည်။ PHH သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကာကွယ်ဆေးထိုးစင်တာ လေးခုဖြစ်သော (ရန်ကုန်တွင် နှစ်ခု၊ မန္တလေး နှင့် တောင်ကြီးတို့တွင် တစ်ခုစီ)တို့တွင် နေ့စဉ် လူအရေအတွက် ၁၀,၀၀၀ အထိ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပါသည်။ PHH သည် လာမည့်နှစ်များတွင်လည်း ကျန်းမာရေးဝန်ဆောင်မှုများကို ပိုမိုတိုးချဲ့သွားမည် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အိမ်ရာစီမံကိန်းလုပ်ငန်းများသည်လည်း အရှိန်အဟုန်ဖြင့် ပြန်လည်၍ ဦးမော့လျှက်ရှိသည်ကို မြင်တွေ့နေရပါသည်။ COVID-19 တတိယလှိုင်းဖြစ်ပွားခဲ့သော်လည်း StarCity တွင် လွန်ခဲ့သည့် ၃လအတွင်း ဆောက်လုပ်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ယခင်ကာလများတွင် ရောင်းချထား သော City Loft @ StarCity နှင့် Star Villas တို့၏ ဝင်ငွေလက်ကျန်များကို လာမည့် ၆လအတွင်း ဆောက်လုပ်ရေး လုပ်ငန်းများ၏ ပြီးစီးမှုအနေအထားအလိုက် လုပ်ငန်း၏ဝင်ငွေအဖြစ် စာရင်းထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။ မကြာသေးမီကာလ အတွင်း City Loft @ StarCity ၏နောက်ထပ် အဆောက်အအုံအသစ် ၂ လုံးကို ထပ်တိုးဖွင့်လှစ်နိုင်ခဲ့ပြီး၊ ထပ်မံ၍ Star Villas အသစ်များကိုလည်း စျေးကွက်တွင် ထပ်တိုးရောင်းချရန်ပြင်ဆင်ထားသောကြောင့် လာမည့် ၂၄လအတွင်း ဝင်ငွေတိုးမြင့်လာမည် ဟုခန့်မှန်းထားပါသည်။

သို့ရာတွင် ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြုပ်နှံမှုဖြစ်သော Memories Group ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း အပြင်းထန်ဆုံးသော စိန်ခေါ်မှုများ နှင့် ရင်ဆိုင်နေရပါသည်။ နိုင်ငံတကာခရီးသွားလာခွင့်ကန့်သတ်ချက်များ နှင့် လက်ရှိပြည်တွင်း နိုင်ငံရေးဖြစ်ရပ်များ၏ သက်ရောက်မှုများကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍကို သိသိသာသာ ရိုက်ခတ်လျှက်ရှိပြီး ထိုသို့ရိုက်ခက်မှုသည် ဆက်လက်ဖြစ်ပွားနိုင်ခြေရှိမည်ဟု ခန့်မှန်းရပါသည်။ ရန်ကုန်မြို့ပြ၏နေ့စဉ် လူနေမှုဘဝများ သည် တဖြည်းဖြည်း ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာသော်လည်း ပြည်တွင်းခရီးသွားခြင်း နှင့် အပန်းဖြေခြင်းကဏ္ဍများမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်သည်။ စျေးကွက်အခြေအနေများ မှာ မူလအနေအထားသို့ မရောက်ရှိသေးသော်လည်း Memories Group အနေဖြင့် မိမိတို့၏ လုပ်ငန်းများကို ကောင်းမွန်သောစီမံခန့်ခွဲမှုများဖြင့် တဖြည်းဖြည်းချင်း ပြန်လည်စတင်နိုင်ခဲ့ပြီး၊ အခြားဝင်ငွေလမ်းကြောင်းများ

ဖြစ်သော စားသောက်ဆိုင် နှင့် အဖျော်ယမကာဆိုင်များကဲ့သို့သော ဆက်စပ်လုပ်ငန်း များသို့ ဖြန့်ကျက်လုပ်ကိုင်နိုင်ခဲ့ပါသည်။ ၎င်းလုပ်ငန်းများတွင် ရေရှည် ရင်းနှီးမြုပ်နှံရန် ရည်ရွယ်ထားပြီး ကုမ္ပဏီအနေဖြင့် Memories Group၏ မဟာဗျူဟာ အကောင်အထည်ဖော်မှုအား ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်သည် နှင့်အမျှ အမှုဆောင်ဥက္ကဋ္ဌ (Executive Chairman) နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမှုဆောင်အရာရှိချုပ် (Chief Operating Officer) တို့သည် လွန်ခဲ့သည့် ၆လအတွင်း ၎င်းတို့၏ လစာများကို ဆန္ဒအလျှောက်စွန့်လွှတ်ပေးထားရာမှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှစ၍ လစာတစ်စိတ်တစ်ပိုင်းကို ပြန်လည်ခံစားခွင့်ပြုခဲ့ပါသည်။

**ဗျူဟာဆိုင်ရာ**

မြန်မာနိုင်ငံ၏စီးပွားရေး နှင့် ပြည်တွင်းစီးပွားရေးကဏ္ဍသည် တဖြည်းဖြည်းချင်း ပြောင်းလဲလာမည်ဟုယူဆပါသည်။ ထို့အတွက် ကုမ္ပဏီအုပ်စုသည် လုပ်ငန်းစုများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အနီးကပ်စောင့်ကြည့် လျှက်ရှိပြီး၊ ၎င်း၏စီးပွားရေးလုပ်ငန်းစု တစ်ခုစီအတွက် ဆက်လက်ရှင်သန်မှု၊ ပိုမိုခံနိုင်ရည်ရှိမှု နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို အလေးအနက်ထားကာ ချဉ်းကပ်မှု နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ ကုမ္ပဏီအုပ်စုကို ပံ့ပိုးကူညီနေဆဲဖြစ်သည့် နိုင်ငံတကာ မိတ်ဖက်များ၊ ချေးငွေထုတ်ပေးသူများ နှင့် မြန်မာနိုင်ငံရှိ ပိုမိုကျယ်ပြန့်သော စီးပွားရေးအသိုက်အဝန်းများနှင့် လည်း နီးကပ်စွာဆွေးနွေးဆောင်ရွက် လျှက်ရှိပါသည်။ ကုမ္ပဏီသည် ၎င်း၏လုပ်ငန်းစု များကို အကျိုးသက်ရောက်စေမည့် အပြောင်းအလဲဆိုင်ရာများဖြစ်ပေ□လျှင် အချိန်နှင့်တပြေးညီ အစီရင်ခံမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ( ၃၀ ) ရက်

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766

AUDITED FINANCIAL STATEMENTS AND MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Co., Ltd ("the Company", and with its subsidiaries "the Group"), wishes to announce the release of the Company's audited financial statements for the year ended 30th Sep 2021 ("FY 2021"). The Company's management is pleased to provide a discussion and analysis of the year-end results below.

The annual report containing the audited financial statements can be accessed via the YSX website and is also available at: https://fmi.com.mm/investors/annual-reports/

## KEY HIGHLIGHTS

### Summary of Group Statement of Comprehensive Income

| (MMK'000) | **FY 2021** | FY 2020 (*Restated*)* | % Change |
|---|---|---|---|
| Revenue | **308,465,153** | 339,952,008 | (9.3%) |
| Cost of revenue | **(159,476,271)** | (193,916,891) | 17.8% |
| Gross profit | **148,988,882** | 146,035,117 | 2.0% |
| *Gross Profit margin* | ***48.3%*** | *43.0%* | |
| Administrative expenses | **(141,495,411)** | (123,837,967) | (14.3%) |
| Finance expenses | **(3,448,972)** | (7,272,908) | 52.6% |
| Other (losses)/gains, net | **(144,160)** | 7,044,203 | (102.0%) |
| Share of profits/(losses) of associates and joint ventures, net of tax | **10,297,097** | (4,924,437) | 309.1% |
| Profit before income tax | **14,197,436** | 17,044,008 | (16.7%) |
| Income tax expense | **(2,549,217)** | (6,358,651) | 59.9% |
| **Profit for the year** | **11,648,219** | 10,685,357 | 9.0% |
| Fair value (losses)/gains of available-for-sale investments | **(4,468,034)** | 5,737,520 | (177.9%) |
| Share of other comprehensive (losses)/ income of associates | **(9,722,972)** | 5,375,946 | (280.9%) |
| **Other comprehensive (losses)/income for the year, net of tax** | **(14,191,006)** | 11,113,466 | (227.7%) |
| **Total comprehensive (losses)/income for the year** | **(2,542,787)** | 21,798,823 | (111.7%) |
| | | | |
| **Profit (Loss) attributable to:**[1] | | | |
| Owners of the Company | **9,465,698** | (3,428,747) | |
| Non-controlling interests | **2,182,521** | 14,114,104 | |
| | **11,648,219** | 10,685,357 | |
| | | | |
| **Earnings (Loss) per share** | | | |
| Basic (MMK) | **291** | (126) | 331.0% |
| Diluted (MMK) | **232** | (88) | 363.6% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

*The comparative information has been restated as a result of prior period error.

The third wave of COVID-19 pandemic hits Myanmar during July and August 2021 which caused significant fatalities. Most households were affected by COVID-19 and it was severely impacted Myanmar along with continued uncertainty in the operating environment. However, the Group's businesses, in particular, Financial Services ("Yoma Bank"), Healthcare Businesses ("Pun Hlaing Hospitals"), and Real Estate have begun to recover. The Group's total revenue for the year ended FY 2021 decreased by 9.3% to MMK 308.5 billion as compared to MMK 340.0 billion in FY 2020. The decrease in the Group's total revenue was mainly due to the decrease in revenue in the financial services segment, especially after the disruptive effects of the domestic political events and the third wave of Covid-19 which were offset partially by the increase in the revenue generated by the healthcare segment.

Below is the breakdown of revenue by business segment: -

| (MMK'000) | **FY 2021** | FY 2020 | % Change |
|---|---|---|---|
| Financial services | **266,905,261** | 307,420,678 | (13.2%) |
| Healthcare services | **41,387,909** | 32,348,630 | 27.9% |
| Rental income | **52,762** | 54,000 | (2.3%) |
| Dividend income | **119,221** | 128,700 | (7.4%) |
| **Total** | **308,465,153** | 339,952,008 | **(9.3%)** |

Revenue generated from the financial services segment decreased by 13.2% from MMK 307.4 billion in FY 2020 to MMK 266.9 billion in FY 2021 and the decrease mainly relates to the shrunk of banks' loan portfolios resulting from reduced loan disbursement volumes. Revenue from the healthcare segment was increased by 27.9% to MMK 41.4 billion in FY 2021, as compared to MMK 32.3 billion in FY 2020. This increase was mainly driven by the revenue from Covid-19 vaccination centres, Covid-19 testing services, and covid special treatment in addition to increased revenue contribution from the clinical and ancillary services of the In-patient Department.

The gross profit was slightly increased by 2% to MMK 149.0 billion in FY 2021, as compared to MMK 146.0 billion in FY 2020. The increase was mainly due to the higher gross profit margins recorded by the Yoma Bank due to the decrease in interest expense on customers' deposits as well as the decrease in deposits from customers as a result of the premature withdrawal by the depositors. In addition, not only the reduction of the full-time doctors' fees as well as overseas doctors' consultations fees but also the higher contribution from Covid-19 vaccination services bump up the gross profit margins by healthcare segment.

Furthermore, the Group's administrative expenses were increased from MMK 123.8 billion in FY 2020 to MMK 141.5 billion in FY 2021. The higher administrative expenses were substantially comprised by Yoma Bank for specific provisions on non-performing loans (NPLs) for the reporting period as the Bank has applied a suitable adaptive option for recognition of future losses, considering an ongoing global pandemic and a challenging operating environment in Myanmar that started in February 2021. This significant increase in administrative expenses was partially offset by the decrease in other administrative expenses, including salary reductions, lower overheads, reduced professional fees incurred, revising employee bonuses, reduced media spending, and travel-related expenses as a result of continued cost control measures imposed during FY 2021.

Interest expenses on borrowings decreased by 52.6% from MMK 7.3 billion in FY 2020 to MMK 3.4 billion in FY 2021 which was mainly due to the repayment of certain facilities by the Company and the healthcare segment during FY 2020 and FY 2021 as well as the reduced interest rates on MMK borrowings in that period.

In FY 2021, the Group recorded other losses of MMK 0.1 billion as compared to other gains of MMK 7.0 billion in FY 2020. The decrease in FY 2021 was mainly due to the absence of one-time disposal gain recorded in relation to the sale of 10% interest in Wave Money in FY 2020, and losses on currency translation due to the effects of changes in foreign exchange rates. In FY 2021, the Group recorded a fair value gain of MMK 113.9 million from the investment properties.
Below is the detailed breakdown:

| (MMK'000) | **FY 2021** | FY 2020 |
|---|---|---|
| Gain on disposal of investment property | **156,771** | - |
| Gain on disposal of available-for-sale investments | **-** | 5,855,162 |
| (Loss)/Gain on foreign currency exchange, net | **(324,635)** | 2,909,633 |
| Gain on disposal of property and equipment | **7,051** | 29,360 |
| Write-off of unclaimed dividends | **-** | 3,164 |
| Write-off of other non-current assets and prepayments | **(26,337)** | (101,730) |
| Gain/(Loss) on revaluation of investment properties | **113,880** | (1,014,556) |
| Write-off of receivables | **(18,611)** | - |
| Write-off of payables | **287** | - |
| Capital gains tax | **-** | (239,231) |
| Write-off of investment in associates | **-** | (187,363) |
| Write-off of property and equipment and intangible assets | **(52,566)** | (210,236) |
| **Total Other (Losses)/Gains** | **(144,160)** | 7,044,203 |

The Group recorded a share of profit of associates and joint ventures in FY 2021. A detailed breakdown is as below:

| | | **Group Share of Profit/(Loss)** | |
|---|---|---|---|
| (MMK'000) | **Stake** | **FY 2021** | FY 2020 (*Restated*) |
| Chindwin Holdings Pte. Ltd. | 30.0% | **47,288** | (445,667) |
| Meeyahta International Hotel Limited | 20.0% | **135,744** | (464,948) |
| FMIDecaux Company Limited | 40.0% | **(751,834)** | 181,547 |
| CLW Development Limited | 25.0% | **(2,040,865)** | - |
| Thanlyin Estate Development Limited | 30.0% | **12,949,261** | (3,907,976) |
| FMI Garden Development Limited | 47.5% | **(41,497)** | (288,152) |
| Pun Hlaing Links Services Company Limited | 30.0% | **(94)** | 1,271 |
| Kawthaung Hill Investment Limited | 37.5% | **(463)** | - |
| LSC-FMI Company Limited | 50.0% | **(443)** | (512) |
| **Total Share of Profit/(Losses)** | | **10,297,097** | (4,924,437) |

In FY 2021, the Group recognized a higher share of profit of associated companies and joint ventures of MMK 10.3 billion in FY 2021 as compared to the share of losses of MMK 4.9 billion in FY 2020. This increase was mainly related to the higher share of profit of MMK 12.9 billion by Thanlyin Estate Development Limited as a result of fair value gains from its investment properties and it was partially

offset by a lower share of losses of MMK 751.8 million from FMIDecaux in FY 2021 as compared to the share of profit of MMK 181.5 million in FY 2020 (as FMIDecaux's business has been affected by the current environment in Myanmar, in particular, the disruption of outdoor advertising in Yangon) and a share of losses of MMK 2.0 billion in the Group's new real estate joint venture for City Loft West which recorded currency translation losses on its shareholders' loan.

As a result of the above, the Group recorded a net profit after tax of MMK 11.6 billion for the year ended 30 September 2021 as compared to MMK 10.7 billion for the year ended 30 September 2020.

In FY 2021, the Group recognized fair value losses of MMK 4.5 billion from its available-for-sale investments as compared to the gains of MMK 5.7 billion in FY 2020. Shown below are the details of the Group's fair value adjustment for those investments.

| **Investments (MMK'000)** | **Carrying Value Before Adjustment** | **Fair Value Adjustment** | **Carrying Value after Adjustment** |
|---|---|---|---|
| MTSH | 2,380,961 | (321,752) | 2,059,209 |
| Memories Group | 1,602,560 | (177,219) | 1,425,341 |
| 5% shareholding in Wave Money by Yoma Bank Limited | 11,484,753 | (3,969,063) | 7,515,690 |
| **Total** | **15,468,274** | **(4,468,034)** | **11,000,240** |

The losses were primarily due to the adjustment of fair market value on 5% shareholding of Wave Money which was held by Yoma Bank Limited as well as the fair value losses of the Company's investment in Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") and Memories Group Limited ("Memories Group"), both of which are companies listed on YSX and SGX respectively.

In FY 2021, the Group recorded a share of other comprehensive losses from its associates for MMK 9.7 billion due to the significant effects of changes in foreign exchange rates which were mainly related to the adjustments for currency translation reserve of MMK 6.0 billion for deemed shareholders' loans (quasi-equity loan) of dormant entity of Meeyahta International Hotel Limited and the currency translation losses of MMK 3.6 billion from Thanlyin Estate Development Limited considering the effects of current and prior years. As a result, the Group's total comprehensive income decreased by 111.7% to total comprehensive losses of MMK 2.5 billion in FY 2021 as compared to gains of MMK 21.8 billion in FY 2020.

As the above-aforementioned reasons, the Group recorded a net profit attributable to equity holders of the Company of MMK 9.5 billion in FY 2021 as compared to a net loss of MMK 3.4 billion in FY 2020.

As a result, the Group obtains the basic earnings per share ("EPS") of MMK 291 and the diluted EPS of MMK 232 in FY 2021, increased by 331.0% and 363.6% respectively. For the purpose of calculating diluted earnings per share, the weighted average number of shares issued has been adjusted assuming that any dilutive convertible securities were duly exercised as of 30 September 2021.

Stringent financial management measures, including the strict controls on fixed overheads, remain in place. The Group continues to work with its counterparties to maintain balance sheet flexibility and a stable liquidity position. A summary statement of the financial position of the Group, together with a comparative statement as at the end of the immediately preceding financial year, 30th September 2021 as shown below.

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2021** | As at 30-Sep-2020 (*Restated*) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **2,554,816,555** | 3,059,673,392 | (16.5%) |
| Total non-current assets | **559,058,755** | 551,454,267 | 1.4% |
| Total assets | **3,113,875,310** | 3,611,127,659 | (13.8%) |
| **LIABILITIES** | | | |
| Total current liabilities | **2,603,203,827** | 3,101,233,435 | 16.1% |
| Total non-current liabilities | **8,305,211** | 5,168,789 | (60.7%) |
| Total liabilities | **2,611,509,038** | 3,106,402,224 | 15.9% |
| **NET ASSETS** | **502,366,272** | 504,725,435 | (0.5%) |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **398,862,786** | 401,852,196 | |
| Non-controlling interest | **103,503,486** | 102,873,239 | |
| Total equity | **502,366,272** | 504,725,435 | (0.5%) |

Total current assets decreased from MMK 3,059.7 billion as at 30 September 2020 to MMK 2,554.8 billion as at 30 September 2021. The decrease was mainly due to the lower additional investment in the bank's treasury portfolios and a reduction in loan portfolios under the challenging operating environment.

Total non-current assets increased slightly from MMK 551.5 billion as at 30 September 2020 to MMK 559.1 billion as at 30 September 2021. The increase was primarily due to the investment in government securities in relation to the Treasury bills and Treasury bonds from the bank's existing portfolios and an increase in trade receivables by Yoma Bank as well as an additional investment in Yoma Central project in the first half of a financial year.

Total current liabilities decreased to MMK 2,603.2 billion as at 30 September 2021 as compared to MMK 3,101.2 billion as at 30 September 2020 which was mainly due to a decrease in deposits contribution from customers and a higher withdrawal of premature deposits by existing customers.

Total non-current liabilities increased from MMK 5.2 billion as at 30 September 2020 as compared to MMK 8.3 billion as at 30 September 2021 mainly due to the increase in bank borrowings by the healthcare segment.

The Group's equity declined slightly at a rate of 0.5% mainly due to currency translation adjustments in other comprehensive income arising from its associates.

As of 30 September 2021, the Group's cash and cash equivalents amounted to approximately MMK 511.1 billion. A summary of the Group Statement of Cash Flows is as follows: -

**Summary of Group Cash Flow Statement**

| (MMK'000) | **FY 2021** | FY 2020 (*Restated*) | % change |
|---|---|---|---|
| Net cash (used in) provided by operating activities | **(135,411,325)** | 263,017,670 | (151.5%) |
| Net cash provided by (used in) investing activities | **280,804,745** | (307,760,421) | 191.2% |
| Net cash (used in) provided by financing activities | **(640,147)** | 108,962,316 | (100.6%) |
| Net increase in cash and cash equivalents | **144,753,273** | 64,219,565 | 125.4% |
| Cash and cash equivalents at beginning of the year | **366,348,303** | 302,128,738 | 21.3% |
| Cash and cash equivalents at the end of the year | **511,101,576** | 366,348,303 | 39.5% |

The Group cash and cash equivalents increased by 39.5% to MMK 511.1 billion as at 30 September 2021 as compared to MMK 366.3 billion as at 30 September 2020. The majority of cash reported on the Group's cash flow statement represented the cash and bank balances of Yoma Bank. As at 30 September 2021, the Group's net cash used in operating activities amounted to MMK 135.4 billion which comprised the decrease in customers' deposits by the Yoma bank. Net cash flow provided by investing activities MMK 280.8 billion in FY 2021 was mostly related to the proceeds of government bonds and other securities by Yoma Bank. The Group's net cash used by financing activities for the year ended 30 September 2021 amounted to MMK 0.6 billion due to the absence of the placement proceeds from Ayala Corporation which were received in FY 2020.

**Outlook**

Following a severe third wave of COVID-19 in July and August 2021, based on publicly available data, the number of cases has substantially subsided in Myanmar. Business activities in the country have since resumed. The growing pace of COVID-19 vaccinations and the communities' general readiness for the pandemic is expected to dampen the impact of any future COVID-19 spikes in Myanmar. In August 2021, the Group commenced its own vaccination programme for employees and their families. Today, almost all employees of the Group have been vaccinated. As a result, all the Group's operations have resumed and offices have reopened with safety measures in place.

The Group's Financial Service business, Yoma Bank, perform well for the year despite the challenges in the business environment. Yoma Bank maintained profitability, raised prudent levels of provision and maintain a strong capital base, and are well-positioned for prevailing risk and market environment. The Bank has applied specific provisions in accordance with CBM regulations and additional provisions for the loans and advances under the short-term relief program. The Bank's provision coverage was 900 base points above the minimum provision requirement as of September 30, 2021. The new Flexi-Cash account introduced in May 2021 has also been received well by the customers. In a further effort to serve the needs of its customers, Yoma Bank has upgraded its mobile and online banking by expanding the service to business customers.

Yoma Bank is closely monitoring the local and global situation and is actively taking steps to mitigate the impact of COVID-19 on its business operations. Yoma Bank also takes seriously its role in supporting its customers and the communities that it serves in this time of need and climate of uncertainty, and consistently demonstrates by its actions and initiatives that these stakeholders and the employees are its utmost priority, now and always.

The Group's Healthcare business, Pun Hlaing Hospitals (PHH), also shows a strong performance during the year. Despite the significant constraints posted by the COVID-19 situation, PHH Hlaing Thayar Hospital has achieved another milestone of JCI re-accreditation in July 2021. In addition to COVID-19 treatment, PHH becomes the first private hospital to import the COVID-19 vaccine officially. PHH will continue to operate four vaccination centres across Myanmar, two in Yangon, one each in Mandalay and Taunggyi, with a capacity to inoculate up to 10,000 people daily. In pursuing its healthcare strategy, PHH will continue to expand the breadth and depth of its services in the coming year.

The Group's Real Estate businesses continue to see positive momentum and strong performance. As construction activities at StarCity continued over the past 3 months despite the COVID-19 third wave, most of the residual revenue recognition from the City Loft @ StarCity units and Star Villas previously sold will be recognized in the coming two quarters as construction progresses. StarCity has also recently launched the next 2 buildings of City Loft @ StarCity and plans to market additional Star Villas which will generate incremental revenue over the next 24 months.

The Group's investment in the Tourism business, Memories Group, however, faces the most acute challenges that exist in the industry. The disruptive effects of international travel restrictions and domestic political events persist to impact the tourism and hospitality industry considerably and are expected to continue for at least the near term. Although day-to-day life in the urban center of Yangon has gradually resumed from the disruptions, the appetite for domestic travel and recreation remains depressed. Despite the unfavorable market conditions, the management of Memories Group has been able to resume the operations gradually and branches into related operations such as food & beverage outlets to generate additional income streams. As the investment in this business is of a long-term nature, the Company will continue to support this business in pursuing its strategy. With the resumption of the Group's business activities, the Group's Executive Chairman and COO salaries, which had been voluntarily waived over the past 6 months, have been partially reinstated from October 2021.

Strategic Updates

The economic and business environment in Myanmar continues to evolve. The Group is closely monitoring developments and has been dynamically adjusting its approach to ensure commercial survival, business resilience, and sustainability for each of its business units. The Group also remains in close dialogue with its international partners and lenders, who remain supportive of the Group, as well as the broader business community in Myanmar. The Company will provide updates on any changes that will materially impact its businesses.

**By Order of the Board**

Tun Tun
Executive Director
30 December 2021

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766